# ကော်ရိုနာဗိုင်းရပ်စ် (COVID-19)

COVID-19 သည် လူအချင်းချင်း အသက်ရှူလမ်းကြောင်းမှ အရည်စက်များမှတစ်ဆင့် သို့မဟုတ် ရောဂါဖြစ်ပွားနေသည့် မျက်နှာပြင် သို့မဟုတ် အရာဝတ္ထုကို ထိတွေ့မှုမှဖြစ်စေ အလွယ်တကူ ကူးစက်နိုင်သည့် ပြင်းထန်သည့် ကော်ရိုနာ ဗိုင်းရပ်စ်ဖြစ်ပါသည်။ ဗိုင်းရပ်စ်၏ ရောဂါလက္ခဏာများကို နှစ်ရက် သို့မဟုတ် ကြာလျှင် ၁၄ ရက်အတွင်း ပေါ်လာနိုင်ပါသည်။ COVID-19 ရောဂါလက္ခဏာများတွင်-

- ဖျားခြင်း
- ချောင်းဆိုးခြင်း
- အသက်ရှူရ ခက်ခဲခြင်းတို့ ပါဝင်ပါသည်

**Bronson သည် ကျွန်ုပ်တို့၏ လူထု ပတ်ဝန်းကျင်နှင့် ကမ္ဘာတစ်လွှားရှိ အခြေအနေကို တက်ကြွစွာ စောင့်ကြည့် လေ့လာလျှက် ရှိပါသည်။ ကျွန်ုပ်တို့သည် COVID-19 ကို ကြိုတင်ပြင်ဆင်ရန်အတွက် ရောဂါဖြစ်ပွားမှု ထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေး ဗဟိုဌာန (CDC)၊ ကျွန်ုပ်တို့ ပြည်နယ်နှင့် ဒေသတွင်း ကျန်းမာရေးဌာနများမှ အကြံပြုထားသည့် အရာမှန်သမျှကို လိုက်နာလုပ်ဆောင်လျှက်ရှိပါသည်။**

"COVID-19 သည် ပြင်းထန်သည့် ကိစ္စရပ်တစ်ခု ဖြစ်သော်လည်း လူအများမှ ထိတ်လန့်ခြောက်ခြားခြင်း မဖြစ်သင့်ပါ။ သင့်အား နေထိုင်မကောင်း ဖြစ်စေသည့် COVID-19 နှင့် အခြားသော ဗိုင်းရပ်စ်များမှ ကာကွယ်ရန် မှန်ကန်စွာ လက်သန့်ရှင်းရေးလုပ်ဆောင်ခြင်းကဲ့သို့ ကြိုတင် ပြင်ဆင်စရာများကို လုပ်ဆောင်ရန် အရေးကြီးလှပါသည်။ ချုံငုံပြောရလျှင် ကျွန်ုပ်တို့လူထုအတွင်းတွင် COVID-19 ဖြစ်ပွားမှု မမြင့်တက်စေရန် လုံလောက်စွာ ပြင်ဆင်ထားပြီး အရာအားလုံးကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်လေ့လာလျှက်ရှိပါသည်" ဟု Bronson ရောဂါကူးစက်မှု ကာကွယ်ရေးနှင့် ကူးစက်ရောဂါ ပြန့်ပွားခြင်းနှင့် ကာကွယ်ရေး ညွှန်ကြားရေးမှူးဖြစ်သူ Richard Van Enk၊ Ph.D.မှ ပြောကြားထားပါသည်။

**သင့်တွင် COVID-19 ရောဂါလက္ခဏာများ ပြသပါက ဘာလုပ်သင့်သနည်း။**

**COVID-19 ရောဂါလက္ခဏာများ ပြသပါက လုပ်ဆောင်သင့်သည့် အရာများ-**

- **အိမ်တွင် နေထိုင်ပြီး အခြားလူများနှင့် ထိတွေ့မှု ရှောင်ရှားပါ**
- **သင်၏ ပင်တိုင် ကျန်းမာရေး ပြုစုစောင့်ရှောက်သူ သို့မဟုတ်**
- **Bronson ပြုစုစောင့်ရှောက်မှု အကြံပေးကို (269) 341-7788 သို့ ဆက်သွယ်ခေါ်ဆိုပါ**

**စကားပြန်တစ်ဦးမှတစ်ဆင့် Bronson ပြုစုစောင့်ရှောက်မှု အကြံပေးနှင့် ဆက်သွယ်ရန် သင့်ဘာသာစကားအတွက် စာရင်းပြုစုထားသော တယ်လီဖုန်းနံပါတ်များကို အသုံးပြုပါ-**

- အာရေဗျ ဘာသာစကား- 1-833-342-7709၊ ၎င်းတို့အား Bronson ပြုစုစောင့်ရှောက်မှု အကြံပေးနှင့် ပြောဆိုလိုသည်ဟု ပြောပါ
- ဗမာ ဘာသာစကား- 1-833-349-7442၊ ၎င်းတို့အား Bronson ပြုစုစောင့်ရှောက်မှု အကြံပေးနှင့် ပြောဆိုလိုသည်ဟု ပြောပါ
- စပိန် ဘာသာစကား- 1-833-342-7702၊ ၎င်းတို့အား Bronson ပြုစုစောင့်ရှောက်မှု အကြံပေးနှင့် ပြောဆိုလိုသည်ဟု ပြောပါ